ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ညွှန်ကြားချက်အမှတ် ၁ / ၂၀၂၆

၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၀ ရက်

( ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၄ ရက် )

## မူပိုင်ခွင့်မှတ်ပုံတင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသော ကိုယ်စားလှယ်များ လိုက်နာရမည့် ညွှန်ကြားချက် ထုတ်ပြန်ခြင်း

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် စက်မှုဒီဇိုင်းမူပိုင်ခွင့် ဥပဒေ ပုဒ်မ ၈၆ ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ် (၂)၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ဥပဒေ ပုဒ်မ ၁၀၆ ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ် (၂)၊ တီထွင်မှုမူပိုင်ခွင့်ဥပဒေ ပုဒ်မ ၁၁၉ ပုဒ်မခွဲ (ခ) ပုဒ်မခွဲ ငယ် (၂) နှင့် စာပေနှင့်အနုပညာ မူပိုင်ခွင့် ဥပဒေ ပုဒ်မ ၁၀၁ ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ် (၂) တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ မူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်သည့် ကိုယ်စားလှယ်များ လိုက်နာရမည့် ညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

၁။ မူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်သည့် ကိုယ်စားလှယ်သည် -

(က) မူပိုင်ခွင့်ဦးစီးဌာနက သက်ဆိုင်ရာဘာသာရပ်အလိုက် ဖွင့်လှစ်သော သင်တန်းဆင်း လက်မှတ်ရရှိပြီးသူ ဖြစ်ရမည်၊

(ခ) မိမိရရှိသည့် သင်တန်းဆင်းလက်မှတ်နှင့်သက်ဆိုင်သည့် မူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များကိုသာ ဆောင်ရွက်ရမည်၊

(ဂ) မိမိတာဝန်ယူလျှောက်ထားသည့် မူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်နှင့်စပ်လျဉ်း၍ အပြည့်အဝ တာဝန်ယူရမည်၊

(ဃ) လျှောက်ထားချက်ပါ စာရွက်စာတမ်း အထောက်အထားများ၊ အချက်အလက် များကို မှန်ကန်ပြည့်စုံမှုရှိစေရေးအတွက် တာဝန်ယူဆောင်ရွက်ရမည်၊

(င) လျှောက်ထားချက်နှင့်စပ်လျဉ်း၍ မူပိုင်ခွင့်ဦးစီးဌာနက ဆက်သွယ်အကြောင်း ကြားသည့် ကိစ္စရပ်များကို အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းဆောင်ရွက်ရမည်၊

(စ) လျှောက်ထားချက်နှင့်စပ်လျဉ်း၍ ဖြေရှင်းဆောင်ရွက်ရန် မူပိုင်ခွင့်ဦးစီးဌာနက အကြောင်းကြားလျှင် လူကိုယ်တိုင် လာရောက်ရှင်းလင်းတင်ပြရမည်။ ထိုသို့ လာရောက်နိုင်ခြင်း မရှိပါက ခိုင်လုံသောအကြောင်းပြချက် တင်ပြရမည်၊

(ဆ) မိမိတာဝန်ယူလျှောက်ထားသည့် မူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်နှင့်စပ်လျဉ်း၍ မူပိုင်ခွင့်ဦးစီးဌာနက ပေးပို့သော သတင်းအချက်အလက်များကို ကိုယ်စားလှယ်ခန့်အပ်သူထံ အကြောင်းကြား၍ လိုအပ်သည်များကို အချိန်မီဆောင်ရွက်ရမည်၊

(ဇ) လျှောက်ထားချက်နှင့်စပ်လျဉ်း၍ ပြင်ဆင်တင်ပြရန် မူပိုင်ခွင့်ဦးစီးဌာနက အကြောင်းကြားသည့်အခါ ဥပဒေ၊ နည်းဥပဒေများပါ သတ်မှတ်သည့် အချိန်ကာလအတွင်း တင်ပြရမည်၊

(ဈ) မူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ရာတွင် ပိုမိုကျွမ်းကျင်မှုရှိစေရန် မူပိုင်ခွင့်ဦးစီးဌာနက အခါအားလျော်စွာ ဖွင့်လှစ်သော မူပိုင်ခွင့်ဆိုင်ရာ သင်တန်းများသို့ တက်ရောက်ရမည်၊

(ည) လျှောက်ထားချက်ပါ အချက်အလက်များသည် ဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိကြောင်းတွေ့ရှိပါက ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်၊

(ဋ) မိမိတာဝန်ယူလျှောက်ထားသည့် မူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်နှင့်စပ်လျဉ်း၍ ဆက်လက် တာဝန်ယူဆောင်ရွက်နိုင်ခြင်းမရှိပါက အနည်းဆုံး ရက်ပေါင်း ၃၀ ကြိုတင်၍ ကိုယ်စားလှယ်ခန့်အပ်သူနှင့် ဦးစီးဌာနသို့ အသိပေးအကြောင်းရမည်၊

(ဌ) ကိုယ်စားလှယ်ခန့်အပ်ခြင်းကို ရုပ်သိမ်းပြီးပါက လျှောက်ထားချက်နှင့် သက်ဆိုင်သော စာရွက်စာတမ်း အထောက်အထားများ၊ အချက်အလက်များ အားလုံးကို ကိုယ်စားလှယ်ခန့်အပ်သူထံ စနစ်တကျ လွှဲပြောင်းပေးရမည်၊

(ဍ) ကိုယ်စားလှယ်ခန့်အပ်သူ၏ မူပိုင်ခွင့်ဆိုင်ရာ လျှို့ဝှက်ချက်များကို ထိန်းသိမ်းရမည်၊

(ဎ) မူပိုင်ခွင့်ဦးစီးဌာနက ထုတ်ပေးထားသော သင်တန်းဆင်းလက်မှတ်ကို အခြားသူတစ်ဦးဦးအား အသုံးပြုစေခြင်း သို့မဟုတ် အခြားသူတစ်ဦးဦး၏ သင်တန်းဆင်းလက်မှတ်ကို မိမိအနေဖြင့် အသုံးပြုခြင်းကို ရှောင်ကြဉ်ရမည်၊

(ဏ) မူပိုင်ခွင့်လျှောက်ထားရာတွင် မမှန်သော ယှဉ်ပြိုင်မှုမျိုး မဖြစ်စေရေး သတိပြုရမည်။

၂။ ဤညွှန်ကြားချက်ပါ အချက်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်လျှင် ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခွင့်ကို ယာယီရပ်ဆိုင်းခံရမည်။

၃။ အပိုဒ် ၂ အရ သုံးကြိမ် ယာယီရပ်ဆိုင်းခြင်းခံရသူကို အမည်မည်းစာရင်း (Black List) ရေးသွင်း၍ ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်မှုကို ပိတ်ပင်ခြင်းခံရမည်။

၄။ ကိုယ်စားလှယ်သည် သင်တန်းဆင်းလက်မှတ်ရရှိသည့်နေ့မှ ၁၂ လ အတွင်း ကိုယ်စားလှယ်အဖြစ် မူပိုင်ခွင့်လျှောက်ထားမှုမရှိလျှင် မူပိုင်ခွင့်ဦးစီးဌာနက ဖွင့်လှစ်သော သက်ဆိုင်ရာသင်တန်းသို့ ပြန်လည်တက်ရောက်ပြီးမှသာ ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ရမည်။

၅။ သင်တန်းဆင်းလက်မှတ် ပျောက်ဆုံး သို့မဟုတ် ပျက်စီးလျှင် မူပိုင်ခွင့်ဦးစီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ မိတ္တူမှန်ကို ပြန်လည်လျှောက်ထားနိုင်သည်။

၆။ ကိုယ်စားလှယ်သည် မူပိုင်ခွင့်ဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့် ကြေညာချက်များကို လိုက်နာဆောင်ရွက်ရမည်။

(ပုံ)

ထွန်းအို
ပြည်ထောင်စုဝန်ကြီး

စာအမှတ် ၊ စက - ၁၄/၂-၃၇/၂၀၂၆ ( ၅၄ )
ရက်စွဲ ၊ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့

နေပြည်တော်ကောင်စီ

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ အားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံး

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ စားသုံးသူရေးရာဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ မူပိုင်ခွင့်ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

ညွှန်ကြားရေးမှူးချုပ် } **မြန်မာနိုင်ငံပြန်တမ်းတွင်**

ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } **ထည့်သွင်းကြေညာပေးပါရန်**

ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

(ညီနောင်အသင်းအဖွဲ့များထံထပ်မံဖြန့်ဝေပေးပါရန်မေတ္တာရပ်ခံချက်ဖြင့်ပေးပို့ပါသည်။)

အမိန့်အရ

၇.၉.၂၀၁၆

အောင်သွင်ဦး

အမြဲတမ်းအတွင်းဝန်